# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 27, 2019 Volume 19, Number 18


| ၂၇.၅.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၆/-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၅၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၅ ကျပ် |
| CBM Rate | = ၁၅၃၂.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၁.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၂.၂၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၃၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၁၈၆ကျပ် |

Source: CBM Rate, etrademyanmar.com

## ကျွဲ၊ နွားတင်ပို့မှုလုပ်ကိုင်ခွင့်ကို ပြည်ထောင်စုအစိုးရပြန်လည်ရယူ

ကျွဲ၊ နွားများနှင့် စပ်လျဉ်းသည့် လုပ်ကိုင်ခွင့်အာဏာကို တိုင်းဒေသကြီးနှင့်



ပြည်နယ်အစိုးရများထံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ပြောင်းလဲအပ်နှင်းကြောင်း ပြည်ထောင်စုအစိုးရက မေလ ၂၂ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။ ကျွဲ၊ နွားတင်ပို့မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအား လုပ်ကိုင်ခွင့်ပေးရာတွင် အခက်အခဲများရှိ၍ တစ်နိုင်ငံလုံးအဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေး ပြည်ထောင်စုအစိုးရက လုပ်ကိုင်ခွင့်ပြန်လည်ရယူခြင်း ဖြစ်သည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အရေးကြီးကုန်စည်သတ်မှတ်လိုက်တော့ အဲဒီတုန်းကပြည်နယ်၊ တိုင်းအစိုးရကိုပေးထားတာ။ တချို့ဧရိယာတွေမှာ နွားတွေသယ်မယ်ဆိုတဲ့အခါ အခက်အခဲတွေ ဖြစ်လာတယ်။ အဲဒီညွှန်ကြားချက်ကြောင့် သူတို့ကိုလုပ်ခွင့်မပေးဘဲ ပြည်ထောင်စုအစိုးရက အာဏာပြန်ယူလိုက်တာ ပြည်ထောင်စုအစိုးရက ခွင့်ပြုပေးလိုက်ရင် တားလို့မရတော့ဘူးဟု အဆိုပါဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောသည်။

ကျွဲ၊ နွားများနှင့်စပ်လျဉ်း၍ လုပ်ကိုင်ခွင့်အာဏာများကို ၁၉၆၆ က စတင်ပြီး တိုင်းနှင့်ပြည်နယ်အဆင့် လုံခြုံရေးနှင့်အုပ်ချုပ်ရေးကော်မတီများအား ပေးထားသည်။ ယခုကြေညာချက်တွင် တိရစ္ဆာန်တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာပြီး ထိုတိရစ္ဆာန်နှင့်စပ်လျဉ်းသည့် သတ်ဖြတ်မှု၊ ခိုင်းစေမှု၊ မွေးမြူမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ရောင်းဝယ်မှု၊ သိုလှောင်ထားမှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှုနှင့်စားသုံးမှုတို့အတွက် တားမြစ်မိန့်၊ စည်းကမ်းသတ်မှတ်မှု၊ ကာကွယ်မှုနှင့်လိုအပ်သလို ဆောင်ရွက်စေမည့်အမိန့်များထုတ်ပြန်ခွင့်ကို အထက်ပါဝန်ကြီးဌာနသို့ လွှဲပြောင်းခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ကျွဲ၊ နွားအရှင်တင်ပို့မှုကို ၂၀၁၇ နိုဝင်ဘာတွင်စတင်ခွင့်ပြုပြီး တစ်နှစ်အတွင်း ပြည်ပသို့အကောင်ရေ တစ်သိန်းသုံးသောင်းကျော်တင်ပို့ခဲ့သည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနစာရင်းများအရ မြန်မာနိုင်ငံ၌ ကျွဲ၊ နွားကောင်ရေ ၁၁ သန်းခွဲကျော်ရှိသည်။

**Source:** http://www.7daydaily.com/story/156979

## နိုင်ငံတကာတွင် ရော်ဘာကုန်ကြမ်းထုတ်လုပ်မှုလျော့ကျခြင်းက မြန်မာ့ကုန်ကြမ်းဈေး မြင့်တက်လာဟုဆို

ရော်ဘာကုန်ကြမ်းထုတ်လုပ်မှု နိုင်ငံတကာတွင်လျော့ကျလာခြင်းက မြန်မာနိုင်ငံ၌ကုန်ကြမ်းဈေးမြင့်တက်လာစေသည်ဟု မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူးဦးခိုင်မြင့်ကပြောသည်။ ရော်ဘာ ကုန်ကြမ်းထုတ်လုပ်နေသော အိန္ဒိယနိုင်ငံတွင် ရေကြီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုများကြုံတွေ့ခြင်း၊ ထိုင်းနိုင်ငံကလည်း ရော်ဘာကုန်ကြမ်းထုတ်လုပ်မှုလျော့ကျခြင်းက ဈေးမြင့်တက်ရန် တွန်းအားတစ်ခုဖြစ်လာကြောင်း ၎င်းကပြောသည်။

နိုင်ငံတကာဈေးကွက်တွင် ရော်ဘာကုန်ကြမ်းဈေးနှုန်းက မေ လအတွင်း ၁၀ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ နိုင်ငံတကာဈေးကွက်တွင် ရော်ဘာကုန်ကြမ်းတစ်တန်လျှင် ကန်ဒေါ်လာ ၁,၆၅၀ ခန့်မှ ၁,၈၀၀ ခန့်သို့မြင့်တက်လာသည်။ နိုင်ငံတကာဈေးတက်တော့ ပြည်တွင်းဈေးကပါလိုက် တက်လာတဲ့သဘောပဲဟု ဦးခိုင်မြင့်ကပြောသည်။

ပြည်တွင်းဈေးကွက်တွင် ရော်ဘာကုန်ကြမ်းဈေးနှုန်းတစ် ပေါင်ကျပ် ၈၀၀ မှ ၉၀၀ ကျပ်သို့ မြင့်တက်လာသည်။ ယခုနှစ်မြန်မာနိုင်ငံ၏ ရော်ဘာကုန်ကြမ်းထုတ်လုပ်မှု တန်ချိန်သုံးသိန်းခန့်ရှိမည်ဟု ခန့်မှန်းပြီးထုတ်လုပ်ထားသော ကုန်ကြမ်းပမာဏစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့် တင်ပို့နိုင်မည်ဟုၾင်းကဆိုသည်။ ရာသီဥတုပုံမှန်ရှိနေခြင်းကြောင့် ရော်ဘာအထွက်နှုန်းပုံမှန်အခြေအနေတွင်ရှိသည်ဟု ဘီးလင်းမြို့နယ်မှ ရော်ဘာခြံပိုင်ရှင်တစ်ဦးကပြောသည်။ သို့သော် လက်ရှိတွင် ရော်ဘာကုန်ကြမ်းထုတ်လုပ်သည့် ရာသီကုန်ဆုံးတော့မည်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ရော်ဘာ စိုက်ဧက ၁၆ သန်းကျော်ရှိပြီးအစေးလှီးနိုင်သည့် ဧကရစ်သိန်းကျော်ရှိကာ မိုးရာသီ၌ ရော်ဘာအစေးလှီးခြင်းလုပ်ငန်းရပ်ဆိုင်းပြီး ခြံပိတ်လေ့ရှိသည်။ နှစ်ရှည်ပင်အမျိုးအစားဖြစ်သော ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုက နှစ်စဉ်တိုးတက်နေပြီး အရည်အသွေးမြင့် ရော်ဘာကုန်ကြမ်း ထုတ်လုပ်မှုကို ဦးတည်နေသည်။ ဂျပန်နိုင်ငံနည်းပညာ အကူအညီဖြင့် ငါးနှစ်အတွင်းအရည်အသွေးမြင့် ရော်ဘာကုန်ကြမ်း ၁၅ ရာခိုင်နှုန်းခန့် တိုးမြှင့်ထုတ်လုပ်နိုင်သည်ဟု ဦးခိုင်မြင့်ကပြောသည်။ ဆက်လက်ပြီး ဂျပန်နိုင်ငံက နှစ်နိုင်ငံအစိုးရချင်း လက်မှတ်ရေးထိုးပြီး အကူအညီဆက်လက်ပေးရန် စီစဉ်နေကြောင်း ၎င်းကပြောသည်။

**Source:** http://www.7daydaily.com/story/157047

## ဂျပန်တိုယိုတာကုမ္ပဏီ မြန်မာနိုင်ငံတွင် ကားစက်ရုံတည်ဆောက်မည်

ဂျပန်မော်တော်ကား ကုမ္ပဏီ တိုယိုတာက သီလဝါအထူးစီးပွားရေးဇုန်တွင် ပထမဆုံး ကားစက်ရုံကို ယခုနှစ်အတွင်း တည်ဆောက်မည်ဖြစ်ကြောင်း မေလ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။ မြန်မာနိုင်ငံသို့ ကားတင်သွင်းရာတွင် အခွန်သက်သာစေရန်နှင့် ဈေးကွက် ပိုမိုယှဉ်ပြိုင်နိုင်စေရန် နှစ်စဉ် Toyota Pickup Truckကားအစီး ၁၀,၀၀၀ ထုတ်လုပ်မည့် စက်ရုံကိုတည်ဆောက်ခြင်း ဖြစ်သည်ဟုဆိုသည်။ ထိုစက်ရုံတွင် ယန်းဘီလီယံ များစွာ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး အသေးစိတ်ကို မကြာမီထုတ်ပြန်မည်ဟုဆိုသည်။ အဆိုပါ ကားစက်ရုံကို 'Knock Down ' စနစ်ဖြင့်ပြည်ပမှ ကားအစိတ်အပိုင်းများတင်သွင်းပြီး ပြည်တွင်း၌တပ်ဆင်မည်ဟုဆိုသည်။ တိုယိုတာကားကုမ္ပဏီသည် လက်ရှိတွင် ထိုင်းနိုင်ငံ၌စက်ရုံရှိပြီး ယင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ တင်သွင်းခြင်းဖြစ်သည်။

မြန်မာအစိုးရက ကားဟောင်းဈေးကွက်ကို လျှော့ချနိုင်မည့် မူဝါဒကြေညာပြီးနောက် မြန်မာနိုင်ငံတွင် ကားသစ်ဈေးကွက် ကြီးမားကျယ်ပြန့်လာခြင်းကြောင့်ဟု အဆိုပါကုမ္ပဏီကဆိုသည်။ ဈေးကွက်လိုအပ်ချက်အရ သင့်တော်တဲ့ ရောင်းအားကို ဆောင်ရွက်ခြင်းဖြစ်တယ်ဟု တိုယိုတာကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုသည်။ မြန်မာနိုင်ငံတွင် ကားအပို ပစ္စည်းဈေးကွက် မရှိသေးသောကြောင့် တပ်ဆင်ထုတ်လုပ်သည့် စနစ်ကို အသုံးပြုခြင်းဖြစ်သည်ဟု ဆိုသည်။ ကားလောကမှာ တိုယိုတာက ရောင်းအားအကောင်းဆုံးဖြစ်မှာပေါ့။ မြန်မာနိုင်ငံမှာ လူကြိုက်များလို့ သူလည်း ဝင်လာရဲတာပေါ့ဟု Capital Motive Automobile ကုမ္ပဏီပိုင်ရှင် ဦးခင်ထွန်းကသုံးသပ်သည်။ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ခြင်းကြောင့် တိုယိုတာကားများကို ဈေးနှုန်းသက်သာစွာနှင့် ပြည်သူများဝယ်ယူစီးနိုင်မည်ဖြစ်ပြီး ပြည်တွင်းတွင်လည်းလူကြိုက် များသည့်ကားဈေးကွက်တစ်ခုဖြစ်သည်ဟု ကားဝယ်ရောင်းဆောင်ရွက်သူ ကိုဇေယံကပြောသည်။ မြန်မာနိုင်ငံတွင် ကားဈေးကွက် ၉၀ ရာခိုင်နှုန်းကို ဂျပန်ကားဟောင်းဈေးကွက်က ထိန်းချုပ်ထားသည်။ ကားအဟောင်းများ၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းကြားသည် တိုယိုတာကားများဖြစ်ပြီး တိုယိုတာသည် သုံးစွဲသူများ၏ ယုံကြည်မှုရထားသည်ဟုဆိုသည်။

မြန်မာနိုင်ငံရှိ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာအသင်းများ၏ အဆိုအရ၂၀၁၈ တွင် တစ်နိုင်ငံလုံး၌ ကားအသစ်စီး ၁၇,၅၀၀ ရောင်းချရပြီး ယခင်နှစ်ထက် နှစ်ဆကျော်မြင့်တက်ခဲ့သည်။ မြန်မာနိုင်ငံ၌ ဆူဇူကီးသည် ကားအသစ်ဈေးကွက်တွင် အရောင်းရဆုံးဖြစ်၍ အစီး ၁၀,၀၀၀ ကျော်ရောင်းချထားပြီး ဒုတိယ အများဆုံးသည် တိုယိုတာဖြစ်ကာ အစီး ၃,၀၀၀ ကျော် ရောင်းချထားသည်။ မြန်မာနိုင်ငံ၌ ၂၀၁၃ တွင် ဆူဇူကီးက ပထမဆုံးကားတပ်ဆင်ထုတ်လုပ် သည့် စက်ရုံတည်ဆောက်ခဲ့သည်။ လက်ရှိတွင် ဟွန်ဒိုင်းကားကုမ္ပဏီအပါအဝင် အခြားကုမ္ပဏီများလည်း မြန်မာနိုင်ငံ၌ ကားများ တပ်ဆင်ထုတ်လုပ်နေသည်။

**Source:** http://www.7daydaily.com/story/157046

## တရုတ်နိုင်ငံမှ မြန်မာကုန်တင်ယာဉ်များကို ဝင်ထွက်သွားလာခွင့်ပြုလိုက်

ရွှေလီ-ဝမ်တင်ဂိတ်ပေါက်မှ တရုတ်ပြည်ဘက်ကို ဝင်ရောက်လာတဲ့ ကုန်တင်ကားများအနေနဲ့ လိုအပ်ချက်အပေါ် မူတည်ပြီးတရုတ်ပြည်လမ်းမကြီးများကိုအသုံးပြုကာ ရွှေလီ/ကျယ်ဂေါင်ဂိတ်ပေါက်မှ မြန်မာပြည်ဘက်သို့ ရွှေလီအစိုးရက ပြန်လည် ထွက်ခွာခွင့်ပြုလိုက်ကြောင်း မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင် တာဝန်ခံ ဒေါ်ကြည်ကြည်ခိုင်က ပြောကြားပါတယ်။ မြန်မာကုန်တင်ယာဉ်များက တရုတ်ပြည်ဘက်က သတ်မှတ်ထားတဲ့ ယာဉ်ဖြတ်သန်းခွင့်ပြုချက်ကို သက်ဆိုင်ရာဌာနများထံ လျှောက်ထားတောင်းခံရမှာဖြစ်ပြီး သတ်မှတ်အခွန်အခများကို လျှောက်ထားသူက ပေးဆောင်ရမှာ ဖြစ်တယ်လို့ ယင်းကုန်စည်ဒိုင်ထံမှသိရပါတယ်။ ဝမ်တင်ကနေဝင် အသီးကွင်းထဲမှာ အသီးချပြီး ကျယ်ဂေါင်တို့ ရွှေလီတို့မှာ ကုန်တင်ဖို့ရှိရင် တရုတ်ပြည်ထဲကနေ ပေးမပတ်ဘူး။ ပြန်ထွက်ပြီးမှ မူဆယ်ကနေ ပြန်ဝင်ရတာ။ အခု အသီးကားတွေချပြီး ကုန်တင်စရာရှိရင် တရုတ်ပြည်ထဲကနေ ပတ်သွားလို့ရပြီဆိုပြီး ခွင့်ပြုပေးလိုက်တာလို့ ဒေါ်ကြည်ကြည်ခိုင်ကဆိုပါတယ်။

ယခင်က မြန်မာကုန်တင်ယာဉ်များကို တရုတ်ပြည်ထဲသို့ ဝင်ထွက်သွားလာခွင့်မပြုတဲ့အတွက် ရွှေလီနဲ့ကျယ်ဂေါင်မှာ ကုန်တင်မယ့်ကားများဟာ မူဆယ် ၁၀၅ မိုင်အပေါက်မှ ပြန်ဝင်ရန် ယာဉ်ကြောပိတ်ဆို့တဲ့အတွက် တစ်ပတ်ခန့် စောင့်ဆိုင်းရပါတယ်။ ခွာညိုသစ်သီးပွဲရုံကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းခင်နောင်က သူတို့ဘက်ကတော့ တရားဝင်ခွင့်ပြုပြီးပြီ။ ယာဉ်တွေကတော့ စမသွားသေးဘူး။ ဒီရက်ပိုင်းအတွင်း စသွားမှာပါ။ ဒီဘက်က ဝင်ခွင့်ကတ်တွေ ပြင်ဆင်ရဦးမယ်လို့ပြောပါတယ်။

မြန်မာကုန်တင်ယာဉ်များ စတင်သွားလာနိုင်ရန် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက မေလ ၁၂ ရက်နေ့မှာ လမ်းကြောင်းများကို လိုက်လံစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါတယ်။ အခုလို မြန်မာကုန်တင်ယာဉ်များကို ဝင်ထွက်သွားလာခွင့် ပြုလိုက်တဲ့အတွက် ရွှေလီ - ဝမ်တင် ဝင်ထွက်ဂိတ်မှာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့နိုင်မှာဖြစ်ပြီး မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းမှုကို လျင်မြန်စေမယ်လို့ သစ်သီးကုန်သည်များက သုံးသပ်ပြောကြားပါတယ်။

**Source:** (The Voice ) http://www.logisticsguide.com.mm/

## မြဝတီမြို့တွင် ကြက်သွန်ဖြူများ ဈေးမြင့်တက်

ကရင်ပြည်နယ် မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ကြက်သွန်နီကုန်သည်များ အရှုံးပေါ်နေပြီး ကြက်သွန်ဖြူဈေး မှာလည်း မြင့်တက်နေကြောင်းသိရသည်။ ကြက်သွန်နီက အမျိုးအစားလေးမျိုးခွဲထားတယ်။ နံပါတ် ၂ အဆင့်က ထိုင်းဘက်ကိုပို့တယ်။ ထိုင်းဘက်က မြန်မာကြက်သွန်နီကို အလွန်ကြိုက်နစ်သက်ကြတယ်။ ထိုင်းမှာကြက်သွန် ထွက်ပေမယ့် မြန်မာကြက်သွန်လို အရည်အသွေးမကောင်းဘူး။ မြန်မာကြက်သွန်ကို ထိုင်းကတစ်ကီလိုကို ၁၀ ဘတ် ပေးတယ်။ သူတို့က ဂျူတီမဆောင်ဘဲ ဘန်ကောက်ကိုပို့တော့ ထိုင်းအကောက်ခွန်နဲ့ ထိုင်းရဲတွေကဖမ်းတဲ့အခါ မြန်မာဘက်ကို ကြက်သွန်ဖိုးငွေတွေ မပေးနိုင်တော့ဘူး။ ပေးတာက ယုံကြည်မှုနဲ့ပေးကြတာပေါ့။

ထိုင်းဘက်ကလည်း မြန်မာတွေကို အခြားပစ္စည်းတွေအကြွေးပေးကြပါတယ်။ လောလောဆယ်မှာတော့ ကြက်သွန်နီကုန်သည်တွေ အရှုံးပေါ်တာများတယ်။ မြို့တွင်းမှာရောင်းတာကျတော့ ကားနဲ့တင်လာတာက တစ်အိတ်ကို ၂၅ ပိဿာ၊ သတ်မှတ်တယ်။ ဒီရောက်တော့ လမ်းမှာကြာတာနဲ့ ၂၄ ပိဿာပဲရှိတော့တယ်။ အဲဒီထဲမှာပုပ်တာနဲ့ နာတာတွေဖယ်လိုက်တော့ ၂၂ ပိဿာပဲကျန်တယ်။ သယ်ယူစရိတ်အလုပ်သမားခတွေနုတ်လိုက်ရင် အမြတ်မကျန်ဘူး။ ကြက်သွန်ဖြူကလည်း အခုတစ်လောအပောင်းနဲ့ အသစ်စပ်ကူးမပ်ကူးကာလမှာဈေးတွေခုန်တက်သွားတယ်။ ဈေးသာ တက်တာရောင်းဖို့ကမရှိဘူး။ ကြက်သွန်ဖြူက အခုမှစပြီးပေါ်တာဟု မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးအနီးတွင် ဆိုင်ဖွင့် ရောင်းချနေသော ကြက်သွန်နီကုန်သည်တစ်ဦးကပြောသည်။

မြဝတီမြို့ ဘုရင့်နောင်ဈေး ကြီးတွင် ၁၀ ပိဿာဝင် ကြက်သွန်နီအလုံးကြီးတစ်အိတ် ကျပ် ၇၅၀၀၊ အလုံးလတ် ကျပ် ၇၀၀၀၊ အလုံးသေး ကျပ် ၅၀၀၀နှင့် လက်လီဈေး ကြက်သွန်နီအလတ် တစ်ပိဿာ ကျပ် ၁၁၀၀၊ အလုံးကြီး ကျပ် ၃၀၀၀၊ အလုံးသေး ကျပ် ၂၅၀၀ အသီးသီးရောင်းချလျက်ရှိပြီး ကြက်သွန်နီများမှာ မြဝတီမြို့သို့ ပခုက္ကူ၊ မြင်းခြံ၊ တောင်တွင်းကြီး၊ မုံရွာ၊ ဆိပ်ဖြူမြို့များမှ ဝင်ရောက်နေကာ ကြက်သွန်ဖြူကို မူဆယ်ဘက်မှမှာယူကြောင်းသိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုမြင့်တက်ပါက စပါးဈေးပြန်တက်လာမည်ဟု စီးပွားကူးသန်းဝန်ကြီးပြော

တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ပြန်လည်မြင့်တက်လာမည်ဆိုပါက လယ်သမားများကြုံတွေ့နေရသည့် စပါးဈေးကျဆင်းမှု အချိန်တစ်ခုအတွင်း အဆင်ပြေလာမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ တရုတ်ဘက်က ဆန်တင်ပို့မှုများများလက်ခံရင် အလားအလာကောင်းတွေ ရှိပါတယ်ဟု ဒေါက်တာသန်းမြင့်ကပြောကြားသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရေး စီးပွားကူးသန်းဝန်ကြီးဌာနနှင့် ယူနန်အစိုးရအကြား ညှိနှိုင်းထားပြီး မကြာမီတွင်လည်း ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များထံ သွားရောက်ညှိနှိုင်းရန်စီစဉ်ထားကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။ စပါးဈေးကအခုကျနေတာလေ။ လယ်သမားမှာက ငွေမရှိတော့ရတဲ့ဈေးနဲ့ ရောင်းနေရတာဟု အုတ်တွင်းမြို့နယ်မှ လယ်သမား ဦးဝင်းကပြောသည်။

လက်ရှိလယ်သမားများ၏ လိုလားချက်သည် ရိတ်သိမ်းပြီးစပါးများကို အခြေခံဈေးနှုန်းတင်းတစ်ရာလျှင် ကျပ်ငါးသိန်းဖြင့် ရောင်းချနိုင်ရေးဖြစ်သည်။ သို့သော် နွေစပါးကအစိုဓာတ်များခြင်းကြောင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တင်းတစ်ရာလျှင် ကျပ်လေးသိန်းလေးသောင်းဖြင့် ဝယ်ယူနေသည်။ ဒေသပေါက်ဈေးက ကျပ်လေးသိန်းတစ်သောင်းခန့်သာရှိသည်ဟု ပဲခူးတိုင်းရှိ လယ်သမားအချို့ကပြောသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန် အခက်တွေ့နေခြင်းကြောင့် ပြည်တွင်း ဆန်ဈေး၊ စပါးဈေးကျဆင်းနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူအချို့ကပြောသည်။

လက်ရှိတွင် တရုတ်နိုင်ငံသို့ ဆန်ရောင်းချရေး နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းထားပြီး တရားဝင်လမ်းကြောင်းမှ ဆန်တန်ချိန် တစ်သိန်းရောင်းချရန်ပြင်ဆင်နေသည်။ တရုတ်သို့ ယခုဘဏ္ဍာနှစ် ခုနစ်လအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန် ငါးသိန်းကျော်သာ တင်ပို့နိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ စာရင်းများတွင် ဖော်ပြထားသည်။ ယခင်ဘဏ္ဍာနှစ်က တရုတ်သို့ ဆန်တန်ချိန် ၁၂ သိန်းကျော်တင်ပို့ခဲ့သည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1998-rice-market.html

## မွန်ပြည်နယ်တွင် မြန်မာ့ပထမဆုံး ကျွဲကောဖုန်တည်ထောင်နိုင်ရန်စီစဉ်

မြန်မာနိုင်ငံ၏ ပထမဆုံးကျွဲကောဖုန်ကို မွန်ပြည်နယ်တွင် တည်ထောင်နိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရက မြေနေရာချထားပေးရန် စီစဉ်လျက်နေတယ်လို့သိရပါတယ်။ ကနဦးသတင်းများအရ ခန့်မှန်းခြေ ဧက ၈၀၀ ဝန်းကျင် မြေနေရာချထားပေးရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံကျွဲကောစိုက်ပျိုး၊ ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးမြင့်သိန်း ကပြောပါတယ်။ ကျွဲကောဖုန် တည်ထောင်နိုင်ခဲ့ရင် ကျွဲကောကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့များစွာ ရရှိလာနိုင်မှာဖြစ်ကြောင်း ကျွဲကောစိုက်ပျိုးတဲ့ တောင်သူများကသုံးသပ်ထားပါတယ်။ မြန်မာ့ကျွဲကောသီး၏ အရသာကို ပြည်ပမှကြိုက်နှစ်သက်မှုများပြားပြီး တရုတ်ဈေးကွက်သာမက စင်ကာပူဈေးကွက်မှလည်း ဝယ်ယူရန် ကမ်းလှမ်းမှုပမာဏများတဲ့ သီးနှံဖြစ်ပါတယ်။

ဒါပေမယ့် ပြည်ပမှဝယ်ယူလိုတဲ့ တန်ချိန်ရရှိဖို့ အခက်အခဲများစွာရှိနေပြီး အရွယ်အစားမညီခြင်း၊ အရည်အသွေးမတူညီခြင်းနဲ့ ကမ်းလှမ်းတဲ့ပမာဏမထွက်ရှိခြင်းတို့မှာ ကျွဲကောသီးနှံ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်နေကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၏ နာယကဖြစ်သူ ဦးဝင်းရွှေကပြောပါတယ်။ ကျွဲကောဖုန်များကို မွန်ပြည်နယ်တွင်သာမက ကျွဲကောသီးစိုက်ပျိုးထွက်ရှိရာ ဒေသများတွင်ပါ တည်ထောင်နိုင်မည်ဆိုရင် သုတေသနများပြုလုပ်နိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ချိနိုင်ခြင်း၊ အရည်အသွေး၊ အရွယ်အစားညီမျှတဲ့ အသီးများထွက်ရှိခြင်းနဲ့ တောင်သူများအတွက် အသိပညာများစွာဖြန့်ဝေလာနိုင်မှာဖြစ်ပါတယ်။

ထို့အပြင် ကျွဲကောစိုက်ပျိုးတဲ့ တောင်သူများအနေဖြင့် ကိုယ်ထူကိုယ်ထသာ ရှန်းကန်နေကြရပြီး စိုက်ပျိုးစရိတ်ချေးငွေဖြင့် အလုပ်မဲ့ဝေးနေကြဆဲဖြစ်ရာ ခြေရှည် ရပ်တည်နိုင်ရန်နဲ့ အရည်အသွေးကောင်းတဲ့ သီးနှံများ ထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးစရိတ် အရင်းအနှီးများချေးပေးရန် လိုအပ်ကြောင်းလည်း မွန်ပြည်နယ်တွင် ကျွဲကောဧက ၃၀ စိုက်ပျိုးနေသူ တောင်သူဦးမြင့်နိုင်ကပြောပါတယ်။ ကျွဲကောကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အစိုးရက ဖုန်များတည်ထောင်ပေးခြင်း၊ စိုက်ပျိုးစရိတ်အရင်းအနှီးများကို အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးပေးခြင်းနဲ့ အသိပညာဖြန့်ဝေမှုများကိုလည်း ယခုထက်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရန်လိုအပ်ပြီး

တောင်သူများအနေဖြင့်လည်း ခေတ်စနစ်နဲ့အညီ စိုက်ပျိုးထုတ်လုပ်ကြရန်နှင့် တင်ပို့မည့်နိုင်ငံအလိုက် လိုအပ်သည့် အထောက်အထားများလည်းကွဲပြား၍ စတင်စိုက်ပျိုးစဉ်ကတည်းက မိမိတင်ပို့မည့် နိုင်ငံ၏ဈေးကွက်အနေအထားများ၊ တောင်းယူမည့် အသိအမှတ်ပြုလက်မှတ်များစတဲ့ကိစ္စရပ်များကိုပါ တစ်ပြိုင်နက်ထည့်သွင်းစဉ်းစား စိုက်ပျိုးရန်လိုအပ်ကြောင်း ကျွဲကောကဏ္ဍဆိုင်ရာပညာရှင်များက သုံးသပ်ထားပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2001-pomelo-zone.html

## ပြည်တွင်းစက်သုံးဆီဈေးနှုန်း တစ်ကျော့ပြန်မြင့်တက်

ပြည်တွင်းစက်သုံးဆီ ဈေးနှုန်း ယခုရက်ပိုင်းအတွင်း တစ်ကျော့ပြန် မြင့်တက်ခဲ့သည်။ ပြည်တွင်းစက်သုံးဆီဈေးသည် မေလလယ်က အနည်းငယ်ကျဆင်းပြီးနောက် ယခုရက်ပိုင်းအတွင်း ပြန်လည်မြင့်တက်လာသည်။ မေလလယ်က အောက်တိန်း- 92 တစ်လီတာ ၈၉၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာ ကျပ် ၉၇၀၊ ဒီဇယ်တစ်လီတာ ကျပ် ၁,၀၀၀ နှင့် ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၁,၀၁၀ နှုန်းဖြင့်ရောင်းချခဲ့သည်။ အဆိုပါဈေးနှုန်းများထက် ယမန်နေ့ (မေလ ၂၄) တွင် စက်သုံးဆီ အမျိုးအစားတစ်ခုချင်းအလိုက် တစ်လီတာ ၁၅ ကျပ်စီ မြင့်တက်ခဲ့သည်။

ကမ္ဘာ့ဈေးကလည်း တက်နေတာကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းကို လာရိုက်ခတ်တာပါ။ ဘာဆက်ဖြစ်မလဲ ဆိုတာတော့မှန်းရခက်တယ်ဟု စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း သည် နှစ်ပတ်အတွင်း တစ်စည်လျှင် သုံးဒေါ်လာထက်မနည်း မြင့်တက်ခဲ့သည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ယမန်နှစ် အောက်တိုဘာက တစ်လီတာ ကျပ် ၁,၁၀၀ ကျော်အထိ ရောက်ရှိကာ စက်သုံးဆီဈေးကွက် သက်တမ်း တစ်လျှောက် စံချိန်တင်အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်။

**Source:** http://www.7daydaily.com/story/156889

## မန္တလေး၌ ရင်းနှီးမြှုပ်နှံရန် ဥရောပနိုင်ငံများသို့ နည်းပညာနှင့်ငွေကြေးကူညီမည်ဟု အီးယူသံအမတ်ကြီးပြောကြား

ဥရောပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ မန္တလေးသို့လာရောက်ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်နိုင်ရန် လိုအပ်သည့်နည်းပညာနှင့်ငွေကြေးအကူအညီများပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ (အီးယူ) သံအမတ်ကြီး Kristian Schmidt က ပြောသည်။ အီးယူသံအမတ်ကြီးက မေ လ ၂၁ ရက်တွင် မန္တလေးမြို့၌ ကျင်းပသည့် အထက်မြန်မာပြည် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ပြောကြားသည်။ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံရဲ့စီးပွားရေးဆိုင်ရာဖွံ့ဖြိုးမှုတွေ အတွက် အကူအညီတွေကို ချေးငွေတင်မက အခမဲ့ထောက်ပံ့မှုတွေကိုပါပေးသွားမှာဖြစ်တဲ့အပြင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အကူအညီတွေကိုပါ ပေးသွားမှာဖြစ်ပါတယ်ဟု ၎င်းကပြောသည်။

ဥရောပသမဂ္ဂသည် ကမ္ဘာတွင် ဒုတိယအကြီးဆုံး စီးပွားရေး ဈေးကွက်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ကုန်သွယ်ဖက်နိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ အချက်အချာကျသောနေရာ၌ တည်ရှိနေသည့် မန္တလေးတိုင်းတွင် ဥရောပက စီးပွားရေးလုပ်ငန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပိုမိုပြုလုပ်နိုင်ရန် ကူညီမည်ဖြစ်ကြောင်း သံအမတ်ကြီး Kristian Schmidt က ပြောသည်။ မန္တလေးဟာ မြန်မာနိုင်ငံရဲ့ အရေးပါတဲ့ဆက်သွယ်ရေးကွန်ရက်တွေအားလုံးနဲ့ ဆက်သွယ်ထားတဲ့ မြို့တစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့အခါမှာလည်း တခြားမြို့တွေထက် ကုန်ကျစရိတ် နည်းတာကြောင့် ဥရောပက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့လည်း မန္တလေးကို ပိုပြီးရင်းနှီးမြှုပ်နှံကြစေချင်ပါတယ်ဟု ၎င်းကပြောသည်။ ထို့အပြင် မန္တလေးတိုင်းသည် တရုတ်နိုင်ငံက ဆောင်ရွက်မည့် ပိုးလမ်းမစီမံကိန်း၏ အရေးပါသည့်နေရာတွင် တည်ရှိနေသဖြင့် ထိရောက်သောကွပ်ကဲမှုများ ပြုလုပ်နိုင်ရေးလိုအပ်သည့်အကူအညီများ ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မန္တလေးရဲ့ လျင်မြန်စွာတိုးတက်နေတဲ့ ကဏ္ဍတွေမှာပါဝင်စေဖို့အတွက် ဥရောပက စီးပွားရေးလုပ်ငန်းတွေကို ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်။ စီးပွားရေးဆန်တဲ့ ပူးပေါင်းမှုတွေ ပြုလုပ်သွားနိုင်ဖို့ဒေသခံ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကို သင်တန်းပေးတာတွေ ပြုလုပ်ပေးမယ့်အပြင် မန္တလေးအနေနဲ့ ရင်းနှီးမြှုပ်နှံဖို့အကောင်းဆုံး နေရာတစ်ခုဖြစ်အောင် မူဝါဒပိုင်းဆိုင်ရာ လိုအပ်ချက်တွေကိုလည်း ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်ဟု ဥရောပကုန်သည်ကြီးများအသင်း ဒုဥက္ကဋ္ဌ Mr. Frederik Meerhoff ကပြောသည်။ ဥရောပသမဂ္ဂသည် ယခင် ဘဏ္ဍာနှစ်အတွင်း ကန်ဒေါ်လာ သုံးဘီလီယံခန့် မြန်မာ

နိုင်ငံနှင့်ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ပြီး မန္တလေးတိုင်းတွင် စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ချောထုတ်လုပ်ခြင်း၊ လျှပ်စစ်စွမ်းအင်လုပ်ငန်းနှင့် စက်ရုံများကစွန့်ပစ်သည့် အညစ်အကြေးများ ပြန်လည်သန့်စင်ပေးသော လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရန်လျာထားကြောင်း သံအမတ်ကြီး Kristian Schmidt ကပြောသည်။ လက်ရှိတွင် မန္တလေးတိုင်း၌ ဥရောပကုမ္ပဏီ ၃၀ ခန့် လာရောက်ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။

**Source:** http://www.7daydaily.com/story/156977

## သရက်သီးအထွက်နှုန်းလျော့ တရုတ်ဝယ်လက်ကျဆင်း



အခုရာသီဥတုဟာ အလွန်ကိုပူပြင်းလာတဲ့အတွက် သရက်သီးခူးဆွတ်တဲ့ရာသီမှာ ၂၀ ရာခိုင်နှုန်းလောက်အထိ အထွက်နှုန်းကျဆင်းလာတယ်။ အခုရာသီဥတုဟာ အလွန်ကိုပူပြင်းလာတဲ့အတွက် သရက်စိုက်ပျိုးရေးလုပ်ငန်းရှင်တွေအတွက် အသီးအပွင့်တွေကြွေကျကာ အခုသရက်သီးခူးဆွတ်တဲ့ရာသီမှာတော့ ၁၀ ရာခိုင်နှုန်းလောက်ကနေ ၂၀ ရာခိုင်နှုန်းလောက်အထိအထွက်နှုန်းကျဆင်းလာတယ်လို့ သရက်လုပ်ငန်းရှင်တွေဆီက သိရပါတယ်။

အခုလိုအထွက်နှုန်း လျော့ကျလာတာဟာ သုံးနှစ်လောက်အထိရှိပြီဖြစ်ပြီး လျော့ကျလာရခြင်းဟာ ကမ္ဘာကြီးပူနွေးမှုကြောင့်ဖြစ်တဲ့အတွက် သစ်ပင်တွေစိုက်တာတွေလုပ်ရင်တော့ အထွက်နှုန်းတွေပြန် တက်လာနိုင်မယ်လို့ မန္တလေးတိုင်းဒေသကြီး သရက်အသင်း ဥက္ကဋ္ဌဒေါ်သန်းသန်းဆွေက ဆိုပါတယ်။ သူက အခုဆိုရင်ကမ္ဘာကြီးက ပူနွေးလာပြီဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ သရက်သီးအထွက်နှုန်းတွေကလဲ တအားလျော့လာပါတယ်၊ သရက်သီးအထွက်နှုန်းတွေ ပြန်တိုးဖို့လူငယ်လေးတွေရော သရက်သမားတွေအားလုံး ကြိုးစားနေပါတယ်၊ သရက်သီးစားချင်တယ်ဆိုရင် မန္တလေးကိုလာပါ၊ မန္တလေးတိုင်းက သရက်သီး အ ကောင်းဆုံးနဲ့ အများဆုံးထွက်ပါတယ်"လို့ ပြောပါတယ်။

မေလ ၁၂ ရက်နေ့က မန္တလေး မှာပြုလုပ်ခဲ့တဲ့ သရက်ပြပွဲမှာ တကယ်အိတ်စပို့ထွက်တဲ့ တန်ချိန် ကတော့ ၉၀,၀၀၀ လောက်ရှိပါတယ်။ ပို့လို့ရတာကတော့ ၃၀,၀၀၀ နဲ့ ၄၀,၀၀၀ ကြားမှာရှိတယ်လို့သိရပါတယ်။ခါတိုင်းဆို အကြမ်းရောအားလုံး တရုတ်က တန်ချိန်သိန်းချီဝယ်ပေမဲ့ ခုဆိုဝယ်တာက တစ်ဝက်ကျ သွားပြီး သည်နှစ်မှာ သရက်ခြံပြတ်လိုက် ဝယ်တဲ့သူတောင် မရှိသလောက်ဖြစ်သွားတယ်လို့ သရက်စိုက်တောင်သူ တစ်ဦးကဆိုပါတယ်။

အထွက်နှုန်းတွေလျော့ကျလာတဲ့အတွက် သမားရိုးကျ စိုက်လို့မရတော့ဘူး၊ နိုင်ငံတကာက နည်းစနစ်တွေ အတိုင်းလိုက်စိုက်မှရမယ်၊ အရင်ကဆို FAO က ကျွန်မ တို့ကို သင်တန်းတွေပေးတယ်၊ ကမ္ဘာကြီးပူနွေးလာလို့ ဘာလုပ်ရမလဲဆိုတဲ့ဟာမျိုးတွေ ၊ တခြားဆီကလဲ သင်တန်းတွေပေးတယ်၊ မြန်မာနိုင်ငံက စိုက်ပျိုးရေးပညာရှင်တွေ ရယ်၊ စီးပွားကူးသန်းရယ်ပေါင်းပြီးတော့မှ သင်တန်းတွေပေးနေတယ်၊သင်တန်းတက်သူတွေ တော်တော်များများကတော့ အသီးကြွေကျနှုန်းတွေ နေးသွားတာတွေတွေ့ရပါတယ်လို့ ဒေါ်သန်းသန်းဆွေက ပြောပါတယ်။

မေလ ၁၁ရက်နဲ့ ၁၂ ရက်တို့မှာ မန္တလေးမြို့ ၊ ဟိုတယ် \ Hazel မှာ ပြုလုပ်တဲ့ ငါးကြိမ်မြောက် မြန်မာ့သရက်သီးပွဲတော်ပြပွဲပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်ခဲ့တယ်။ ဆိုင်ခန်းပေါင်း ၄၅ ခန်းလောက် ပါဝင်ခဲ့တယ်လို့သိရပါတယ်။ ပြည်ပဈေးကွက်ဝင် စိန်တလုံးသရက် စတင်ရင့်မှည့်ချိန်၊ နိုင်ငံတကာက ဝယ်လက်တွေ စိတ်ဝင်စားမှုအများဆုံးအချိန်ဖြစ်တဲ့အတွက် အခုအချိန်မှာ သရက်သီးပွဲတော်ကို ပြုလုပ်ရခြင်း ဖြစ်ပြီး တခြားသရက်သီးတွေကိုလည်း နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ဖို့လည်း ရည်ရွယ် ကျင်းပခြင်း ဖြစ်ကြောင်းသိရပါတယ်။ သည်သရက်သီးပွဲတော်မှာ သရက်သီးပြိုင်ပွဲတွေလည်းပါဝင်ခဲ့ပြီး စိန်တလုံး၊ မြကျောက်၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်နဲ့ သရက်မျိုးကွဲပေါင်းများစွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ စဉ့်ကိုင်မြို့နယ် ပြိုင်ပွဲဝင် တောင်သူတွေရဲ့ သရက်သီးတွေက ဆုအများဆုံးရရှိခဲ့တယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-33582

## ပြည်ပမှ သကြားတင်ပို့မှု (Re-Export) ပြုလုပ်ခဲ့သည့် ကုမ္ပဏီ ၁၄၀ ကျော် တင်ပို့သည့်ပမာဏအမှန်ကို နှစ်လအတွင်းစာရင်းမရှင်းပါက စည်းကမ်းအတိုင်းအရေးယူမည်

Re-Export စနစ်ဖြင့် သကြားတင်ပို့ခဲ့သည့် ကုမ္ပဏီ ၁၄၁ ခုကို အမှန်တကယ်တင်သွင်း၊ တင်ပို့ခဲ့သည့် ပမာဏအတိုင်း နှစ်လအတွင်း စာရင်းလာရှင်းပြရမည်ဟု ကုန်သွယ်ရေးဦးစီးဌာနက မေလ ၂၄ ရက်တွင် ထုတ်ပြန် ကြေညာ

သည်။ စာရင်းလာမရှင်းပါက စည်းမျဉ်းစည်းကမ်းအတိုင်း အရေးယူမည်ဖြစ်ပြီး လုပ်ငန်းရှင်များ အနေဖြင့် မဖြစ်မနေ စာရင်းရှင်းရမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

ကုမ္ပဏီတွေ စာရင်းရှင်းဖို့ စာရင်းတောင်းထားတာပါ။ မတင်ပြဘူးဆိုရင် စည်းမျဉ်းစည်းကမ်းအရ အရေးယူရမယ်။ ဘယ်လိုအရေးယူမယ်ဆိုတော့ သူတို့ကျူးလွန်တဲ့အတိုင်းပဲ။ အခုကတည်းက ဘယ်လိုလုပ်မယ်ဆိုတာ ပြောလို့မကောင်းသေးဘူးဟု ဦးခင်မောင်လွင်ကပြောသည်။ ထိုသို့ဝန်ကြီးဌာနက စာရင်းရှင်းလင်းရန် တောင်းဆိုခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ပြီး အရေးယူခြင်းမှာ ပို့ကုန်၊ သွင်းကုန်လိုင်စင်ရုပ်သိမ်းခြင်းဖြစ်သည်။ စာရင်းရှင်းလင်းပြီးမှသာ လိုင်စင်ပြန်လည်ထုတ်ပေးမည်ဟု ဦးခင်မောင်လွင်ကပြောသည်။

စာရင်းရှင်းလင်းရာတွင် အမှန်တကယ် တင်သွင်းခဲ့သည့် စာရင်းအတိုင်း အချက်အလက်မှန်မှန်ကန်ကန် တင်ပြရမည်ဟုဆိုသည်။ Re-Export ဆိုသည်မှာ မြန်မာနိုင်ငံက သကြားကို ပြည်ပနိုင်ငံများမှတင်သွင်းပြီး တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့ နှစ်စဉ်သကြားတန်ချိန် ခုနစ်သိန်းကျော်တင်ပို့နေခြင်း ဖြစ်သည်။

http://www.7daydaily.com/story/156909

## STOCK EXCHANGE (27.5.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 902 | 9,925,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,200 | 3,200 | 3,200 | 1,726 | 5,523,200 | 38,929,150 | 124,573 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 5 | 38,500 | 10,400,986 | 80,088 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,500 | 23,000 | 22,000 | 379 | 8,437,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 3,000 | 2,900 | 5,344 | 15,617,150 | 12,212,906 | 36,028 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.59 | -9.41 | -2.12% | 445.42 | 445.42 | 434.59 | 8,356 | 39,541,350 | 5 | 593,314 |


**Index chart**



# Market Overview

As of 1:00 pm, 27th May. 2019

| MYANPIX | 434.59 ▼ 9.41 |
| --- | --- |
| Total Volume (shares) | 8,356 |
| Total Value (MMK) | 40 mil |
| Listed Company | 5 |
| Market Cap. (MMK) | 593,314 mil |




| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,950 | ▲ 0 |

TIR